Government of **Western Australia**
**North Metropolitan Health Service**

# စစ်ဆေးခြင်းဆိုင်ရာမှတ်စုများ
# မင်မိုဂရာဖီ

## ဘရက်စခရင်း ဒဗလျူအေ BreastScreen WA ဆေးခန်းမှ ကြိုဆိုပါသည်။

ကျေးဇူးပြု၍ မင်မိုဂရာဖီ (ရင်သားနို့အုံပုံရိုက်စစ်ဆေးခြင်း) ဆိုင်ရာ အရေးကြီးသောဤသတင်းပေးလွှာကို ဖတ်ပြီး သင်မင်မိုဂရမ် **မရိုက်မီ** ပူးတွဲပါ သဘောတူညီချက်ပုံစံကို လက်မှတ်ထိုးပေးပါ။ အကယ်၍မေးလိုသည်များရှိပါက စစ်ဆေးသည့်နေရာမှဝန်ထမ်းများက သင့်အားကူညီနိုင်ပါသည်။ လုပ်ငန်းအဆင့်တစ်ခုကို သင်အချိန်မရွေး ရပ်ခိုင်းနိုင်ကြောင်း သိထားစေလိုပါသည်။

### ရင်သားနို့အုံပုံရိုက်စစ်ဆေးမှု အစီအစဉ်အကြောင်း

ရင်သားနို့အုံပုံရိုက်စစ်ဆေးမှု အစီအစဉ်၏ရည်ရွယ်ချက်မှာ ရင်သားကင်ဆာရောဂါဖြင့်သေဆုံးမှု လျော့ပါးသွားစေရန်ဖြစ်ပါသည်။ အလွန်သေးငယ်၍ မစမ်းမိနိုင်သောအချိန်တွင် ရင်သားကင်ဆာကိုတွေ့ရှိနိုင်သည့် ယနေ့အချိန်အထိအကောင်းဆုံးသောနည်းလမ်းမှာ မင်မိုဂရမ် (ရင်သားဓါတ်မှန်ရိုက်ခြင်း) ဖြစ်သည်။ ရင်သားကင်ဆာကို စောစီးစွာတွေ့ရှိခြင်းသည် အောင်မြင်သောဆေးကုသမှုဖြစ်ရန် အခွင့်သာစေသည်။

အနောက်သြစတြေးလျားပြည်နယ် ရင်သားနို့အုံပုံရိုက် စစ်ဆေးခြင်းအစီအစဉ် (BreastScreen WA Program) ၏ အာရုံစူးစိုက်မှုမှာ ရင်သားကင်ဆာကိုစောစီးစွာတွေ့ရှိနိုင်ရေးဖြစ်သည်။ သင့်မင်မိုဂရမ်ပေါ်တွင်တွေ့ရသော ရင်သားကင်ဆာလက္ခဏာမဟုတ်သော အပြောင်းအလဲများကို သတင်းပေးပို့ခြင်းမပြုပါ။

လက်ရှိဆေးပညာဆိုင်ရာ အထောက်အထားများအရ အသက် ၅၀ နှစ်မှ ၆၉ နှစ်အတွင်းရှိအမျိုးသမီးများအတွက် အသုံးဝင်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ သင်အသက်ကြီးလာလေ ရင်သားကင်ဆာဖြစ်နိုင်ချေ များလာလေဖြစ်သည်။ ရင်သားကင်ဆာဖြစ်နေသူအမျိုးသမီး ရ၀%နီးပါးမှာ အသက် ၅၀ နှင့်အထက် ဖြစ်ကြသည်။ ပုံမှန် ရင်သားနို့အုံပုံရိုက်စစ်ဆေးခြင်းအားဖြင့် ထိုအမျိုးသမီးများအနက် ၃၀%နီးပါးခန့် အသက်သေဆုံးခြင်းမှ ကာကွယ်နိုင်ပါမည်။ အသက် ၅၀ အောက် အမျိုးသမီးများအတွက် ရင်သားနို့အုံပုံရိုက်စစ်ဆေးခြင်း၏ အကျိုးပြုခြင်းမှာ ထိုလောက်မရှိပါ။

### မင်မိုဂရမ်စစ်ဆေးမှု ဘယ်လိုလုပ်သလဲ?

**သင့်ကို ခါးမှအထက် အဝတ်ချွတ်စေပြီး ဝတ်ရုံတစ်ခုဝတ်ရန်ပေးမည်။ အထူးလေ့ကျင့်ပေးထားသော ဓါတ်မှန်ရိုက်သူအမျိုးသမီးက မင်မိုဂရမ်ရိုက်လိမ့်မည်။**

မင်မိုဂရမ်ရိုက်နေစဉ်အတွင်း ကြည်လင်ပြတ်သားသောပုံရရန် ရင်သားကို စက္ကန့်အနည်းငယ်ကြာဖိထားသည်။ ဤသို့ဖိခြင်းမှာ မသက်မသာခံစားမှု ဖြစ်နိုင်သည်။

ပုံနှစ်ပုံရိုက်လေ့ရှိသော်လည်း တစ်ခါတစ်ရံ နောက်ထပ်ရိုက်ရသည်များလည်းရှိတတ်ပါသည်။

### မင်မိုဂရမ်ကို မည်သူဖတ်သလဲ?

**မင်မိုဂရမ်ဖတ်ရာတွင်အတွေ့အကြုံအလွန်ရင့်ကျက်သော အထူးကျွမ်းကျင်သည့်ဆရာဝန် ( ဓါတ်မှန်ဆိုင်ရာအထူးကု) အနည်းဆုံးနှစ်ဦး၏ သဘောတူညီချက်အပေါ်အခြေခံ၍ သင့်မင်မိုဂရမ်မှ အဖြေရသည်။ မင်မိုဂရမ်အားလုံးကို ဆရာဝန်များက တစ်သီးတစ်ခြားစီဖတ်ကြပါသည်။ တစ်ခါတစ်ရံ ဓါတ်မှန်ဆရာဝန်နှစ်ဦး၏ သဘောထားခြင်းမတူညီကြပါက တတိယဓါတ်မှန်ဆရာဝန်က ဖတ်ပါလိမ့်မည်။**

### နောက်ထပ် ဓါတ်မှန် ထပ်ရိုက်ဖို့လိုခဲ့ရင် ဘာလုပ်ရမလဲ?

အကယ်၍ဓါတ်မှန်ပုံသည် ကြည်လက်ပြတ်သားမှုမရှိပါက ပြန်ပြီးရိုက်ရသည်လည်း ဖြစ်တောင့်ဖြစ်ခဲ ရှိတတ်ပါသည်။ အကယ်၍ထိုသို့လိုအပ်ခဲ့လျှင် သင့်အားပြန်ခေါ်သည့်စာ လက်ခံရပါလိမ့်မည်။ သို့မဟုတ် တယ်လီဖုန်းဆက်ပါလိမ့်မည်။ ဤသို့ ဓါတ်မှန်ပြန်ရိုက်ခြင်းများကို မင်မိုဂရမ် စစ်ဆေးသည့်နေရာများတွင် ပြုလုပ်နိုင်ပါသည်။

### တွေ့ရှိချက်များကို အသိပေးအကြောင်းကြားခြင်း

**အမျိုးသမီးအများစုကို ၁၄ ရက်အတွင်း အားလုံးကောင်းမွန်ကြောင်း စာဖြင့် အကြောင်းကြားပါသည်။ အမျိုးသမီးများကို ပြန်ခေါ်ပြီး နောက်ထပ်ဓါတ်မှန်ပြန်ရိုက်သည်မှာလည်းမဆန်းပါ။ ဤသို့လိုအပ်ပါက BreastScreen WA မှ ရင်သား စမ်းသပ်စစ်ဆေးသည့် သူနာပြုဆရာမက**

**သင့်အား တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးပါလိမ့်မည်။ အများအားဖြင့်မှာ ဤသို့ ထပ်မံစစ်ဆေးပြီးနောက် ရှေ့ဆက်လက်ပြီး စစ်ဆေးရန် လိုအပ်ချေ တွေ့ရလေ့မရှိပါ။**

မြို့တွင်း မင်မိုဂရမ် စမ်းသပ်စစ်ဆေးခံသူများအတွက် ရှေ့ဆက် စစ်ဆေးကြည့်ရှုရန်နှင့် အခြားသောစစ်ဆေးချက်များ ဆောင်ရွက်ရန် လိုအပ်ပါက စစ်ဆေးအကဲဖြတ်ရာနေရာသို့ လာရန်ရက်ချိန်းပေးပါလိမ့်မည်။

မော်တော်ယာဉ်ဖြင့်လိုက်လံစစ်ဆေးပေးသော ကျေးလက်စစ်ဆေးရေးယာဉ်တွင် စစ်ဆေးခဲ့သောအမျိုးသမီးများ အဆင်ပြေစေရန်အတွက် ထပ်မံကြည့်ရှုရန်လိုအပ်လျှင် ၎င်းယာဉ်ပေါ်တွင်ပင် ပြုလုပ်ပေးပါသည်။

**ကျေးဇူးပြု၍ သတိပြုရန် -** BreastScreen WA က နောင်တစ်ချိန်တွင်ရိုက်သော ဖလင်များနှင့်နှိုင်းယှဉ်ရန် ဖလင်များကိုသိမ်းထားပါသည်။

**မင်မိုဂရမ်သည် မည်မျှစိတ်ချရသလဲ?**

**ရင်သားကင်ဆာကို မင်မိုဂရမ်များက ၉၀% အထိ ဖေါ်ထုတ်ပြသနိုင်သည်။ မင်မိုဂရမ်တွင်မပေါ်သောအချို့ကင်ဆာများလည်းရှိသည်။ အမျိုးသမီးငယ်များသို့မဟုတ် ဟော်မုန်းအစားထိုးကုသနည်းကိုသုံးနေသော အမျိုးသမီးများ၏ရင်သားသည် သက်ကြီးအမျိုးသမီးများ၏ ရင်သားတစ်ရှူးထက်ပိုပြီး သိပ်သည်းသဖြင့် မင်မိုဂရမ်ပေါ်တွင် ရင်သားကင်ဆာကို တွေ့ရှိနိုင်ရန် ပိုပြီးခက်ပါသည်။ ယင်းသို့ဖြစ်ခြင်းကြောင့် မင်မိုဂရမ်ကိုအခြေခံပြီး ကင်ဆာမရှိပါဟုပြောရန်ခက်ခဲသဖြင့် အမျိုးသမီးငယ်များအတွက် ဘိုင်အော့ပ်စီခေါ် ရင်သားတစ်ရှူးစကိုရယူပြီး စစ်ဆေးခြင်းအပါအဝင် စမ်းသပ်စစ်ဆေးချက်များ ပိုလုပ်ရန်လိုအပ်ပါသည်။**

ထိုနည်းတူစွာပင်မင်မိုဂရမ်ပေါ်တွင် အစပထမ စိတ်ပူရမယောင်ဖြစ်နေသော်လည်း ရှေ့ဆက်စစ်ဆေးချက်များက အထူးစိုးရိမ်စရာမရှိကြောင်းပြနိုင်ပါသည်။

မင်မိုဂရမ်ရိုက်ပြီးစစ်ဆေးခြင်းသည် ကင်ဆာရောဂါကို မတားဆီးနိုင်သော်လည်း စောစီးစွာ တွေ့ရှိရခြင်းက ကုသမှုအောင်မြင်ရန် အကောင်းဆုံးအခွင့်အလမ်းဖြစ်စေပါသည်။

**မင်မိုဂရမ်က ဒုက္ခပေးနိုင်သလား?**

**မင်မိုဂရမ်ရိုက်ရန် အနည်းငယ်ဖိရသည့်အတွက် တစ်ခါတစ်ရံ ရင်သားတွင်နာကျင်ခြင်း သို့မဟုတ်ပွန်းခြင်း ခေတ္တခဏ ဖြစ်တတ်ပါသည်။ ၎င်းသည် ရင်သားတစ်ရှူးကို ရေရှည် ဒုက္ခမပေးပါ။**

မင်မိုဂရမ်တစ်ကြိမ်ရိုက်တိုင်း ဓါတ်ရောင်ခြည်ပမာဏအနည်းငယ်ကိုသာသုံးပါသည်။ လက်ရှိအထောက်အထားများအရ ဤဓါတ်ရောင်ခြည်ပမာဏသက်ရောက်ခြင်းအားဖြင့် အန္တရာယ်ရှိနိုင်ချေ အလွန့်အလွန်နည်းကြောင်း တွေ့ရသည်။ အန္တရာယ်ရှိနိုင်ချေနှင့် နှိုင်းစာလျှင် မင်မိုဂရမ်ရိုက်ခြင်း၏ အကျိုးကျေးဇူးက ပိုများပါသည်။

> ကိုယ်ဝန်ရှိနေသည်ဟု သံသယရှိသောအမျိုးသမီးများကို မင်မိုဂရမ်ရိုက်ရန်အကြံမပြုပါ။ အကယ်၍သင်သည် ကိုယ်ဝန်ရှိနေနိုင်ပါက ဆေးခန်းဧည့်ကြို သို့မဟုတ် ဓါတ်မှန်ရိုက်သူအမျိုးသမီးကို ပြောပြပါ။

**အကယ်၍ကျွန်ုပ်၏ရင်သားထဲတွင်အကြိတ်ရှိသည်ဟုသတိထားမိလျှင် သို့မဟုတ်ရင်သားနှင့်ပတ်သက်သောပြဿနာတစ်ခုခုရှိလျှင် ဘာလုပ်ရမလဲ?**

အကယ်၍ သင်၏ရင်သားတွင်အကြိတ်ရှိသည်ဟုသတိထားမိလျှင် သို့မဟုတ်နို့သီးမှအရည်ထွက်နေလျှင် သို့မဟုတ်သင်၏ရင်သားတွင် အခြားသောအပြောင်းအလဲများရှိလျှင် မင်မိုဂရမ်မရိုက်မီ ဓါတ်မှန်ရိုက်သူအမျိုးသမီးကို ပြောပြပါ။ အကယ်၍ သင်၏မင်မိုဂရမ်က ပုံမှန်ဖြစ်နေစေကာမူ ဤကဲ့သို့သော ရောဂါလက္ခဏာများကို သင့်ဆရာဝန်ထံတွေ့ပြီးပြောပြရန်လည်း အရေးကြီးပါသည်။

**ဘာကြောင့် ကျွန်ုပ်ကုနေကျဆရာဝန်၏ ဆက်သွယ်ရန်လိပ်စာကိုပေးရမှာလဲ?**

သင့်အား အကောင်းဆုံးသောစောင့်ရှောက်မှုပေးနိုင်ရန်အတွက် သင့်ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုအားလုံး၏ အချက်အလက်များကို သင့် ကုနေကျ ဆရာဝန်သိရန် လိုအပ်သည်။ ကျွန်ုပ်တို့က သူ/သူမထံသို့ သင့်မင်မိုဂရမ်မှတွေ့ရှိချက်များကို ပေးပို့လိုပါသည်။ မင်မိုဂရမ် တစ်ကြိမ်ရိုက်ပြီးနောက်တစ်ကြိမ်မရိုက်မီ ကြားကာလတွင် သင့်ရင်သားကိုပုံမှန်စစ်ဆေးပါ။ ပြောင်းလဲမှုရှိခဲ့လျှင် သင့်ဆရာဝန်ထံချက်ခြင်းအသိပေးပါ။ သင့်ရင်သားကို သင်ကုနေကျဆရာဝန်နှင့် ပုံမှန်စစ်ဆေးပါဟု ကျွန်ုပ်တို့က အကြံပေးလိုပါသည်။